တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ (၆-၁၁-၂၀၂၆)

မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေ
၁	**ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်**က ပြည်ထောင်စုတရားရုံးချုပ်၏ ၁၈-၁၂-၁၉၉၀ ရက်စွဲပါ ညွှန်ကြားချက်အား ကျင့်သုံးဆောင်ရွက်လျက်ရှိ မရှိနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က** ညွှန်ကြားချက်အား ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အပြင် အခြားတည်ဆဲ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၂	**ဦးတင်မိုးအောင်(ခ) နေရှိုင်း၊ ရန်ကင်းမဲဆန္ဒနယ်**က တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို အရေးယူဆောင်ရွက်ရန် အတွက် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က** ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအသီးသီး၌ထားရှိသည့် Complaint Box မှတစ်ဆင့် တင်ပြလာသည့်စာများကို အပတ်စဉ်တနလာနေ့တိုင်း ပုံမှန်ဖွင့်ဖောက်စိစစ်ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။
၃	**ဦးသက်ပိုင်ထူး၊ ဖားကန့်မဲဆန္ဒနယ်**က ဖားကန့်ရှိ သယံဇာတများအား အကြီးစားနှင့် အလတ်စား တူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်ကို စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က ကျောက်စိမ်း၊ ကျောက်မျက်သယံဇာတများကို သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီးတူးဖော်ထုတ်လုပ်မှု ကန့်သတ်ချက်များကြောင့် အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်များကို ခွင့်ပြုပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၄	**ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်**က MSME ထုတ်ကုန်များ၏ ဈေးကွက်တိုးမြှင့်ရေး၊ အသုံးပြုမှုမြှင့်တင်ရေးနှင့် ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများတွင် Local Content Policy နှင့် Product Placement Guideline ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ မရှိသိရှိလိုခြင်း မေးမြန်းပါသည်။	**စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က MSMEs ထုတ်ကုန်များကို လူသိများစေရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရေး ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းတွဲများတွင် ထည့်သွင်းရိုက်ကူးလျက်ရှိသည့်အပြင် အင်တာဗျူး၊ ဆွေးနွေးပွဲ၊ Program နှင့် တေးသီချင်းများကို ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၅	**ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်**က ကြိုးဖုန်းဆက်သွယ်မှုများ မပြတ်တောက်စေရေး စီမံပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**က အော်တိုတယ်လီဖုန်းစနစ်အား အသုံးပြုမှုနည်းပါးလာသော်လည်း သုံးစွဲသူပြည်သူများ ဆက်သွယ်မှုအဆင်ပြေစေရန် ဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။
၆	**ဦးစိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်**က ကျိုင်းတောင်းမြို့နှင့် မြို့ကို ဆက်သွယ်ထားသော ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်စေရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**က ဖိုင်ဘာဆက်ကြောင်းများ ပြောင်းလဲချိတ်ဆက်ပြီးဖြစ်သဖြင့် တယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို ကောင်းမွန်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၇	**ဦးအောင်ဆန်းလွင်၊ တနင်္သာရီမဲဆန္ဒနယ်**က မြိတ်မြို့၊ မြို့မ စွေးကြီးအား ပြန်လည်တည်ဆောက်ပေးရန်နှင့် မီးဘေးလုံခြုံရေး နှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**နေပြည်တော်ကောင်စီ**က ဘဏ္ဍာငွေခွဲဝေရရှိမှုအရ ခေတ်မီအဆင့်မြင့်စွေးအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း မရှိသေးသော်လည်း မီးဘေးကာကွယ်ရေးနှင့် အမှိုက်ကင်းစင်ရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။
၈	**ဒေါ်အေးအေးမြင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်**က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ကျန်စစ်သားလမ်းမကြီး၊ ကုန်းဘောင်လမ်းမကြီး၊ မင်းရဲကျော်စွာလမ်းမကြီးနှင့် အမှတ် (၇) လမ်းမကြီးတို့တွင် လမ်းမီး တိုင်များနှင့် လမ်းမီးများတပ်ဆင်ပြုပြင်ပေးခြင်း လုပ်ငန်းများဆောင်ရွက် ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**နေပြည်တော်ကောင်စီ**က ယခုဘဏ္ဍာနှစ်တွင် လမ်းမီးဓာတ်အားလိုင်း ၁ မိုင် တည်ဆောက်ခြင်းနှင့် ပျက်စီးနေသည့်ဓာတ်အားလိုင်း Breaker များနှင့် လမ်း မီးလုံးများကို ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၉	**ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်**က မင်းလှမြို့နယ်၊ အလယ်ကုန်း-ကန့်လန့်ကုန်းလမ်းအား တာဘောင်ချဲ့ခြင်း၊ ဂဝံခင်းခြင်းနှင့် ၎င်း အပေါ်တွင် ကမ်းကပ်ခုံနှင့် Box Culvert (၂)စင်း တည်ဆောက် ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ကြမ်းခင်းပျက်စီးနေ သည့် Box Culvert (၂)စင်းအား ပြုပြင်ပေးသွားမည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မြေသားလမ်း(၂.၅)ဖာလုံ ဂဝံလမ်းခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၁၀	**ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်**က စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြ-မက္ခရာ-ကျွန်းဦး- မကျီးကုန်း-ရွာဘို-မီးသွေးဘုတ် ကျေးရွာချင်းဆက်	**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် အစီအစဉ်တွင် မပါဝင်သေးသော်လည်း အမာခံလမ်းမှ

စဉ်	မေးခွန်း	အဖြေ
	လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစ၍ လျာထားတင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၁၁	**ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်**က သီပေါမြို့နယ်၊ အုံမု-ဘော်ကြို လမ်းမမှ မူးလေးကျေးရွာအထိ လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က အမာခံလမ်းနှင့် မြေသားလမ်း ၂ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ပြည်နယ်ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၁၂	**ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်**က သဲကုန်းမြို့နယ်၊ လောင့်ကြီးကျေးရွာ၊ ရွာလယ်မကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က လက်ရှိလမ်းအခြေအနေသည် ကောင်းမွန်လျက်ရှိသဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။